ရှမ်းလူမှုအခြေပြုအဖွဲ့ အစည်းများမှ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီထံသို့အိတ်ဖွင့်ပေးစာ
ဩဂုတ်လ ၇၊၂၀၁၄။

လေးစားအပ်ပါသော ဝန်ကြီးကယ်ရီခင်ဗျား -

ရှမ်းပြည်နယ်အလယ်ပိုင်းမှာ မြန်မာအစိုးရစစ်တပ်တွေတိုးချထားတာနဲ့ပတ်သက်လို့ လူကြီးမင်းမှ ဂရုထားပေးဖို့ ကျွန်တော်တို့လိုလားပါတယ်။ ဒီစစ်တပ်တွေကြောင့်လက်ရှိလုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုထိခိုက်နိုင်ပါတယ်။ အပြစ်မဲ့ရွာသားတွေရဲ့ဘဝကိုခြိမ်းခြောက်ရာလည်းရောက်နေပါတယ်။

တည်ရှိနေတဲ့ အပစ်ရပ်စဲရေးသဘောတူညီချက်ကိုချိုးဖေါက်ပြီး ရှမ်းပြည်တပ်မတော်(မြောက်ပိုင်း) နယ်မြေတွေကိုသိမ်းယူဖို့ ၂၀၁၄ ခုနှစ် ဂျွန်လကစပြီး မြန်မာအစိုးရစစ်တပ်အင်အား ၃၀၀၀ ကိုကျေးသီး၊ မိုင်းရှူး၊ တန့်ယန်း မြို့နယ်တွေမှာဖြန့်ချထားပါတယ်။ ရွာသားတွေနေတဲ့ဒေသတွေကို ရာချီတဲ့အမြောက်ဆံတွေနဲ့ပစ်ခတ်တဲ့ အတွက် ရွာသားများကြောက်လန့်ပြီးထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။

ကျေးသီးမြို့နယ်ဝမ်ဂပ်ရွာကို မကြာမီကပင်ပြေးလာကြတဲ့ ရွာသား ၃၀၀ ကျော်အပါအဝင် ရွာသား ၈၀၀ ကျော်ရဲ့လုံခြုံရေးအတွက် ကျွန်ုပ်တို့စိုးရိမ်ပူပန်နေရပါတယ်။ လက်နက်အပြည့်အစုံတပ်ဆင်ထားတဲ့ မြန်မာအစိုးရစစ်သား ၅၀၀ ကျော်ဟာဝမ်ဂပ်ရွာအတွင်းနဲ့အပြင်မှာ စခန်းချထားပါတယ်။ ရွာသားတွေရဲ့ နေ့စဉ်လုပ်ကိုင်မှုတွေကိုလည်းချုပ်ချယ်ထားပါတယ်။ စစ်သားတွေဟာဒီနေ့အထိတပ်စွဲနေစဲဖြစ်တယ်။

ဝမ်ဂပ်ရွာရဲ့အနောက်ဖက် ၂ မိုင်လောက်ဝေးတဲ့ တာဖာဆောင်ရွာကိုမြန်မာစစ်တပ်က လက်နက်ကြီးတွေနဲ့ ဂျွန်လ၂၆ ရက်နေ့ကပစ်လို့ ရွာသားတွေဝမ်ဂပ်ရွာကိုပြေးလာကြရပါတယ်။ နှစ်ရက်ကြာလက်နက်ကြီးနဲ့ ပစ်ခတ်ပေမဲ့ တာဖာဆောင် မြစ်ကူးသည့်နေရာကိုမသိမ်းပိုက်နိုင်ခဲ့ပါ။ ဒါကြောင့်ရွာသားတွေ ရဲ့မြေယာတွေပေါ်မှာ တပ်စွဲပြီးဒေသကိုပိတ်ဆို့ထားပါတယ်။

တာဖာဆောင်ရွာမှာတပ်စွဲထားတဲ့ စစ်သားတွေကရွာသားတွေရဲ့ အိမ်မွေးတိရိစ္ဆာန်တွေ၊ ပစ္စည်းတွေကိုလုယက်နေ ပါတယ်။ လယ်ယာမြေကွက်ထဲကိုဖြတ်ပြီး လည်းကင်းလှည့်ကြပါတယ်။ စည်းရိုးများကို ချိုးဖျက်ကြလို့ ကျွဲနွားတွေကစိုက်ခင်းတွေထဲဝင်စားကြပါတယ်။ အခုတော့ တာဖာဆောင်ရွာဟာလုံးဝ ပျက်သွားစီး လို့နေပါပြီ။ ရွာသားတွေက သူတို့ပစ္စည်းပြန်သိမ်းဖို့ တောင်စစ်သားတွေက အခွင့်မပေးတော့ပါ။

ထွက်ပြေးလာတဲ့ရွာသား၃၀၀လောက်က ဝမ်ဂပ်ဘုန်းကြီးကျောင်းမှာခိုအောင်းနေကြရပါတယ်။ စေတနာရှင်တွေလှူဒါန်းပေးကမ်းတဲ့ အစားအစာတွေအပေါ်မှာဘဲမှီခိုကြရတယ်။ စစ်သားတွေကတော့ ရွာထဲရှိမူလတန်းကျောင်းမှာတပ်စွဲပြီး ရွာသားတွေကိုစောင့်ကြပ်နေပါတယ်။ ကျောင်းတက်နေတဲ့ခလေးငယ် ၁၀၀ ကျော်ကိုလည်း ကြောက်ရွံ့နေစေခဲ့တယ်။

အပစ်ခတ်ရပ်စဲထားတဲ့ရှမ်းနယ်မြေမှာ စစ်ရေးအရတိုးချဲ့တာ၊ ရွာသားတွေကြောက်ရွံ့ပြီးနေရပ်စွန့်ခွါထွက်ပြေးစေတာကြောင့် တိုင်းရင်းသားနယ်မြေက ပဋိပက္ခတွေကိုငြိမ်းချမ်းစွာ အဖြေရှာနေတယ်ဆိုတဲ့မြန်မာအစိုးရရဲ့ ပြောဆိုချက်ကို ပိုပိုသံသယရှိလာနေကြပါတယ်။ ထိုးစစ်ကြောင့်တနေ့တည်းမှာပင် ပစ်ခတ်တဲ့လက်နက်

ကြီးကျည်တွေရဲ့တန်ဖိုးက ဒေါ်လာသိန်းချီကုန်တဲ့ နိုင်ငံတော်ဘတ်ဂျက်ကိုလည်း ကျွန်ုပ်တို့ပြည်သူလူထုဆီကဘဲ ကျခံရတာဖြစ်ပါတယ်။

လူကြီးမင်းခင်ဗျား နေပြည်တော်ရောက်နေတုန်းကာလမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုရရှိလာရေးအတွက် ဒီစစ်ဆင်ရေးအကြောင်းနဲ့ သမ္မတဦးသိန်းစိန်ကိုလည်း ဤရှမ်းပြည်ဒေသနဲ့ တခြားတိုင်းရင်းသားဒေသတွေ မှာထိုးစစ်ဆင်တာတွေကို အမြန်ရပ်တန့်ပြီး တပ်တွေဆုတ်ခွါပေးစေရေး ပြောဆိုပေးဖို့ကျွန်ုပ်တို့ တောင်းဆိုပါတယ်။

တိုင်းရင်းသားတွေအပေါ် ထိုးစစ်ဆင်ခြင်းကိုကန့်ကွက်သည့်အနေဖြင့် အမေရိကန်အစိုးရနဲ့မြန်မာအစိုးရတို့ စစ်ရေးအရပူပေါင်းလုပ်ဆောင်ခြင်းကိုလည်း ရပ်ဆိုင်းဖို့ကျွန်ုပ်တို့အနေနဲ့တိုက်တွန်းပါတယ်။

ရှိသေလေးစားစွာဖြင့်

ရှမ်းလူမှုအခြေပြုအဖွဲ့အစည်းများ

- Migrant Students Group
- Migrant Workers Federation
- Shan Human Rights Foundation
- Shan Sapawa Environmental Organization
- Shan State Development Foundation
- Shan State Organization
- Shan Students Union (Thailand)
- Shan Women's Action Network
- Shan Youth Network Group
- Shan Youth Organization (Taunggyi)
- Shan Youth Power
- Tai Literature and Culture Society
- Tai Youth Network
- Workers Solidarity Association

အသေးစိတ်အချက်အလက်များမေးမြန်းလိုပါက အောက်ပါပြောခွင့်ရပုဂ္ဂိုလ်များနှင့် ဆက်သွယ်နိုင်ပါသည်။
ယိင်းဟာန်ဖ ၆၆ ၈၉ ၂၆၂၇၈၄၈
စိုင်းဆိုင်မိန်း ၉၅ ၉၃ ၃၅၇ ၇၇၆၇
စိုင်းဟော်ရှဲန် ၆၆ ၉၃ ၂၆၄၉၄၈၇

ပူးတွဲစာ -
(၁) " ရှမ်းပြည်နယ်မြောက်ပိုင်းအပစ်ရပ်ဒေသ၌ မြန်မာစစ်အစိုးရ၏ ထိုးစစ်အသစ်များကိုရပ် " - ရှမ်းလူ့အခွင့်အရေးဖေါင်တေးရှင်း ၊ ဇူလိုင်လ ၁၀၊ ၂၀၁၄။
(၂) ကျေးသီးမြို့နယ် ဂမ်ဂပ်ရွာ၌ မြန်မာစစ်တပ်အသစ်များချထားပုံ - မြေပုံ ။
(၃) ကျေးသီးမြို့နယ်အတွင်း မြန်မာစစ်တပ်၏ လက်ရှိထိုးစစ်အတွင်းမှ ဓါတ်ပုံများ ။